**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ဘဏ္ဍာရေးဝန်ကြီးဌာန**
**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်**
**ညွှန်ကြားချက်အမှတ် (၂/၂၀၁၆)**
**ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီကွန်ပျူတာစနစ်တပ်ဆင်ခြင်းဆိုင်ရာညွှန်ကြားချက်**
**၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၂၉ ရက်**

မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ အခန်း (၁၃)၊ ပုဒ်မ ၇၁ (ခ) အရ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများအတွက်သတင်းအချက်အလက်နည်းပညာစနစ်တပ်ဆင်ခြင်းဆိုင်ရာ ညွှန်ကြားချက်ကိုထုတ်ပြန်လိုက်သည်။

ရန်ကုန်စတော့အိပ်ချိန်း၏ ရောင်းဝယ်မှုတွင် ပါဝင်ဆောင်ရွက်သူဖြစ်သော ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် ရန်ကုန်စတော့အိပ်ချိန်းနှင့်ချိတ်ဆက်နိုင်သောကွန်ပြူတာစနစ်ကို တပ်ဆင်ရမည်။ နည်းပညာပိုင်းဆိုင်ရာချိတ်ဆက်မှုကိုရန်ကုန်စတော့အိပ်ချိန်းကစစ်ဆေးနေစဉ်တွင်ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည်ကွန်ပျူတာစနစ်ကို တပ်ဆင်ရန်အတွက် အောက်ဖော်ပြပါအချက်များကို ဆောင်ရွက်ရမည်-

**အဖွဲ့အစည်းနှင့် ရုံးတွင်းလိုက်နာရမည့်မူများ**

၁။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည်သတင်းအချက်အလက်နည်းပညာစနစ်နှင့် ပတ်သက်၍ ရုံးတွင်းလိုက်နာရမည့်မူများကို အောက်ပါအတိုင်းချမှတ်ရမည်-

(က) ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတွင် လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူ၏ရောင်းဝယ်မှုဆိုင်ရာ သတင်းအချက်အလက်များကို တာဝန်ယူဆောင်ရွက်ပေးမည့် သတင်းအချက်အလက်နည်းပညာဆိုင်ရာအဖွဲ့ရှိရမည်။

(ခ) သတင်းအချက်အလက်နည်းပညာနှင့် ပတ်သက်သောကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရန်နှင့် ကုမ္ပဏီ၏ဒါရိုက်တာအဖွဲ့သို့ ယင်းနှင့်ပတ်သက်သည့် အစီရင်ခံစာတင်ပြရန်အတွက် အခြေခံနည်းစနစ်ထားရှိရမည်။

(ဂ) သတင်းအချက်အလက်နည်းပညာ စနစ်ဆိုင်ရာဗဟုသုတပြည့်စုံသော ရုံးတွင်းစာရင်းစစ်အဖွဲ့ရှိရမည်။

(ဃ) ကွန်ပြူတာစနစ်နှင့်ပတ်သက်သောပြဿနာများ သို့မဟုတ် အခြားအရေးပေါ်ကိစ္စတစ်ရပ်ရပ် အတွက် သီးခြားအစီအစဉ် ထားရှိရမည်။

**ကွန်ပြူတာစနစ်ဆိုင်ရာလိုက်နာရမည့်အချက်များ**

၂။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ကစုံစမ်းထောက်လှမ်းသည့် သံသယဖြစ်ဖွယ် မမျှတသော အစုရှယ်ယာရောင်းဝယ်မှုတွင် အစုရှယ်ယာရောင်းဝယ်သူများ၏ ရောင်းဝယ်မှုမှတ်တမ်းကဲ့သို့ လိုအပ်သည့်သတင်းအချက်အလက်များကို တင်ပြရမည်။

၃။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် သို့မဟုတ် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများက စုံစမ်းစစ်ဆေးသည့်ကိစ္စရပ်များတွင် အစုရှယ်ယာရောင်းဝယ်သူ၏ သတင်းအချက်အလက်များကို မှန်ကန်စွာ ပံ့ပိုးပေးရမည်။

(ဒေါက်တာမောင်မောင်သိမ်း)
ဥက္ကဋ္ဌ